ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
ရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံခြားစီးပွားဆက်သွယ်ရေး ဝန်ကြီးဌာန
ရင်းနှီးမြှုပ်နှံမှုနှင့် ကုမ္ပဏီများညွှန်ကြားမှု ဦးစီးဌာန
ညွှန်ကြားချက်အမှတ် ( ၁၇ /၂၀၁၉)
၁၃၈၁ ခုနှစ်၊ တန်ဆောင်မုန်းလပြည့်ကျော် ၄ ရက်
(၂၀၁၉ ခုနှစ်၊ နိုဝင်ဘာလ ၁၅ ရက်)

# အကျိုးခံစားခွင့်ရှိသူပိုင်ရှင်ဆိုင်ရာ သတင်းအချက်အလက်များကို ထုတ်ဖော်တင်ပြရန်ကိစ္စ

၁။ ငွေကြေးခဝါချမှုတိုက်ဖျက်ရေးဥပဒေ(ပြည်ထောင်စုလွှတ်တော် ဥပဒေအမှတ် ၁၁/၂၀၁၄) ပုဒ်မ ၆၉(ဂ)နှင့် နိုင်ငံတော်သမ္မတရုံး၏ အမိန့်ကြော်ငြာစာအမှတ် ၁၀၄/၂၀၁၉ တို့တွင် အပ်နှင်းထားသော တာဝန်နှင့် လုပ်ပိုင်ခွင့်များအရ အကျိုးခံစားခွင့်ရှိသူပိုင်ရှင်ဆိုင်ရာ သတင်းအချက်အလက်များကို ထုတ်ဖော်တင်ပြရန်အတွက် ရင်းနှီးမြှုပ်နှံမှုနှင့် ကုမ္ပဏီများညွှန်ကြားမှု ဦးစီးဌာနမှ ဤညွှန်ကြားချက်ကို ထုတ်ပြန်လိုက်သည်။

## ရည်ရွယ်ချက်

၂။ ဥပဒေရေးရာပုဂ္ဂိုလ်နှင့် ဥပဒေရေးရာ စီစဉ်ဆောင်ရွက်သူများ၏ ပွင့်လင်းမြင်သာမှုနှင့် တာဝန်ခံမှု မြင့်မားလာစေရန်၊ အခွန်ရှောင်ရှားမှု၊ ငွေကြေးခဝါချမှုနှင့် အကြမ်းဖက်မှုဆိုင်ရာ ငွေကြေးထောက်ပံ့မှု တိုက်ဖျက်ရေးကိစ္စရပ်များကို ဟန့်တားဆောင်ရွက်မှုများ ပြုလုပ်နိုင်ရန် ရည်ရွယ်ပါသည်။

## အဓိပ္ပာယ်ဖော်ပြချက်

၃။ ဤညွှန်ကြားချက်တွင် ပါရှိသော အောက်ပါစကားရပ်များသည် ဖော်ပြပါအတိုင်း သက်ရောက်စေရမည်-

(က) **အကျိုးအမြတ် ရရှိပိုင်ဆိုင်မှု**တွင် သက်ရှိထင်ရှား လူပုဂ္ဂိုလ်(များ)၏ ကုမ္ပဏီများနှင့် စီးပွားရေးဆိုင်ရာ အဖွဲ့အစည်းများကို တိုက်ရိုက်သော်လည်းကောင်း၊ သွယ်ဝိုက်၍ သော်လည်းကောင်း မူလပိုင်ဆိုင် သို့မဟုတ် ထိန်းချုပ်မှုများလည်း ပါဝင်ပါသည်။ ယင်းစကားရပ်တွင် ဥပဒေရေးရာ ပုဂ္ဂိုလ် သို့မဟုတ် ဥပဒေရေးရာ စီစဉ်ဆောင်ရွက်မှု တစ်ခုခုကို ထိရောက်သော မူလထိန်းချုပ်မှု ပြုလုပ်သူများလည်း ပါဝင်ပါသည်။

(ခ) **ဥပဒေရေးရာပုဂ္ဂိုလ်** ဆိုသည်မှာ ဘဏ္ဍာရေးဆိုင်ရာ အဖွဲ့အစည်းများနှင့် စဉ်ဆက်မပြတ် ဆက်သွယ်ဆောင်ရွက်နိုင်သော သို့မဟုတ် ပစ္စည်းဥစ္စာများ ပိုင်ဆိုင်နိုင်သော လူပုဂ္ဂိုလ်(များ)မှအပ ကျန်အဖွဲ့အစည်းများအားလုံး ပါဝင်ပါသည်။ ယင်းစကားရပ်တွင် ကုမ္ပဏီများ၊ အဖွဲ့အစည်းများ၊ အစုစပ်လုပ်ငန်းများ၊ စီးပွားရေးဆိုင်ရာ အသင်းအဖွဲ့များ၊ ဖောင်ဒေးရှင်းများ၊ ဖက်စပ်လုပ်ငန်းများ၊ အသင်းအဖွဲ့များနှင့် အလားတူ အဖွဲ့အစည်းများလည်း ပါဝင်ပါသည်။

(ဂ) **ဥပဒေရေးရာ စီစဉ်ဆောင်ရွက်မှု** ဆိုသည်မှာ ယုံကြည်အပ်နှံခံရသူအဖြစ် ဆောင်ရွက်ခြင်း သို့မဟုတ် အခြားအလားတူ ဥပဒေဆိုင်ရာ စီစဉ်ဆောင်ရွက်မှုများတွင် ပါဝင်ဆောင်ရွက်ခြင်းကို ဆိုလိုပါသည်။

(ဃ) **အကျိုးခံစားခွင့်ရှိသူပိုင်ရှင်**ဟု ဆိုရာတွင် အောက်ပါပုဂ္ဂိုလ်များ ပါဝင်ပါသည်-

(၁) အများပိုင် ကုမ္ပဏီ (သို့မဟုတ်) ပုဂ္ဂလိကကုမ္ပဏီ (သို့မဟုတ်) ကော်ပိုရေးရှင်း၏ မဲပေးပိုင်ခွင့်၊ ဆုံးဖြတ်ပိုင်ခွင့်၊ အစုရှယ်ယာပိုင်ဆိုင်ခွင့် ၅% နှင့်အထက်ကို တိုက်ရိုက် (သို့မဟုတ်) သွယ်ဝိုက်ပိုင်ဆိုင်သူ လူပုဂ္ဂိုလ်၊

(၂) အများပိုင် ကုမ္ပဏီ (သို့မဟုတ်)ပုဂ္ဂလိကကုမ္ပဏီ (သို့မဟုတ်)ကော်ပိုရေးရှင်း၏ ဘုတ်အဖွဲ့ဝင်အများစုကို တိုက်ရိုက် (သို့မဟုတ်) သွယ်ဝိုက်၍ ပိုင်ဆိုင်သူ လူပုဂ္ဂိုလ်နှင့်

(၃) အများပိုင်ကုမ္ပဏီ(သို့မဟုတ်) ပုဂ္ဂလိကကုမ္ပဏီ (သို့မဟုတ်) ကော်ပိုရေးရှင်းအပေါ်တွင် သိသာထင်ရှားစွာ လွှမ်းမိုးထိန်းချုပ်နိုင်သည့် အခွင့်အရေးရှိသူ (သို့မဟုတ်) သိသာထင်ရှားစွာ လွှမ်းမိုးထိန်းချုပ်နိုင်သူ လူပုဂ္ဂိုလ်။

(င) **နိုင်ငံရေးအရ သြဇာတိက္ကမရှိသူ** ဆိုရာတွင် အောက်ပါတို့ ပါဝင်ပါသည်-

(၁) **ပြည်ပတွင် သြဇာတိက္ကမရှိသူ** ဆိုသည်မှာ ပြည်ပနိုင်ငံတစ်ခုခု၌ အများပြည်သူဆိုင်ရာ လုပ်ငန်းများဖြင့် ထင်ရှားသူ သို့မဟုတ် ယင်းလုပ်ငန်းများအတွက် ယုံကြည်ခြင်းခံရသူ၊ ဥပမာ- နိုင်ငံတော်အကြီးအကဲများ၊ နိုင်ငံရေးအရ သြဇာ တိက္ကမရှိသူများ၊ အစိုးရအရာရှိကြီးများ၊ တရားစီရင်ရေးဆိုင်ရာ အရာရှိကြီးများ၊ တပ်မတော်အရာရှိများ၊ နိုင်ငံပိုင် စီးပွားရေးလုပ်ငန်းများမှ အကြီးတန်း အရာထမ်းများ၊ အရေးပါသည့် နိုင်ငံရေးပါတီ ခေါင်းဆောင်များ၊

(၂) **နိုင်ငံတော်အတွင်းတွင် သြဇာတိက္ကမရှိသူ** ဆိုသည်မှာ နိုင်ငံတော်အတွင်း၌ အများပြည်သူဆိုင်ရာ လုပ်ငန်းများဖြင့် ထင်ရှားသူ သို့မဟုတ် ယင်း လုပ်ငန်းများအတွက် ယုံကြည်ခြင်းခံရသူ၊ ဥပမာ- နိုင်ငံတော်အကြီး အကဲ များ၊ နိုင်ငံရေးအရ သြဇာတိက္ကမရှိသူများ၊ အစိုးရအရာရှိကြီးများ၊ တရား စီရင်ရေး ဆိုင်ရာ အရာရှိကြီးများ၊ တပ်မတော်အရာရှိများ၊ နိုင်ငံပိုင် စီးပွား ရေးလုပ်ငန်းများမှ အကြီးတန်း အရာထမ်းများ၊ အရေးပါသည့် နိုင်ငံရေး ပါတီ ခေါင်းဆောင်များနှင့်

(၃) **အပြည်ပြည်ဆိုင်ရာ သြဇာတိက္ကမရှိသူ** ဆိုသည်မှာ အပြည်ပြည်ဆိုင်ရာ အဖွဲ့အစည်းတစ်ခု၏ လုပ်ငန်းများဆောင်ရွက်ရာတွင် ထင်ရှားသူ သို့မဟုတ် ယင်းလုပ်ငန်းများအတွက် ယုံကြည်ခြင်းခံရသူများ၊ ဥပမာ- ဒါရိုက်တာ၊ ဒုတိယဒါရိုက်တာ၊ ဒါရိုက်တာအဖွဲ့ဝင်၊ အဆင့်မြင့်အဖွဲ့ဝင် ဖြစ်သူ၊ အလားတူသော လုပ်ငန်းများတွင် ယင်းအဆင့်နှင့်ညီမျှသော အဖွဲ့ဝင်ဖြစ်သူ။

(စ) **ငွေရေးကြေးရေးမဟုတ်သော စီးပွားရေးလုပ်ငန်းများနှင့် ကျွမ်းကျင်မှုဆိုင်ရာ အသက်မွေးဝမ်းကျောင်း လုပ်ငန်းများ**တွင် အောက်ပါတို့ ပါဝင်ပါသည်-

(၁) အောက်ပါဝန်ဆောင်မှု လုပ်ငန်းများကို အခြားသူများအတွက် စီးပွားရေး လုပ်ငန်းတစ်ရပ်အနေဖြင့် ဆောင်ရွက်ပေးသည့် ကုမ္ပဏီဝန်ဆောင်မှု ပေး သူများ-

(ကက) တရားဝင် အသင်းအဖွဲ့များ ဖွဲ့စည်းရေးဆိုင်ရာ ကိုယ်စားလှယ် အဖြစ် ဆောင်ရွက်ခြင်း၊

(ခခ) ကုမ္ပဏီတစ်ခု၏ ဒါရိုက်တာ သို့မဟုတ် အတွင်းရေးမှူး အဖြစ် သော်လည်းကောင်း၊ အစုစပ်လုပ်ကိုင်သူ သို့မဟုတ် အခြားတရား ဝင် အသင်းအဖွဲ့တစ်ခု သို့မဟုတ် အစီအစဉ်တစ်ခုတွင် ယင်း အဆင့်နှင့် တူညီသောသူ အဖြစ်သော်လည်းကောင်း ဆောင်ရွက် ခြင်း၊

(ဂဂ) ကုမ္ပဏီတစ်ခု သို့မဟုတ် အစုစပ်လုပ်ငန်းတစ်ခု သို့မဟုတ် အခြားသော တရားဝင်အသင်းအဖွဲ့ သို့မဟုတ် အစီအစဉ်တစ်ခု အတွက် မှတ်ပုံတင်ရုံး သို့မဟုတ် နေရာထိုင်ခင်း သို့မဟုတ်

လုပ်ငန်း လိပ်စာ သို့မဟုတ် စာပေးစာယူ သို့မဟုတ် အုပ်ချုပ်မှု လိပ်စာတို့ကို တာဝန်ယူပေးခြင်း။

(၂) ရှေ့နေများနှင့် စာရင်းကိုင်များအပါအဝင် အောက်ပါဝန်ဆောင်မှု လုပ်ငန်းများဖြင့် အသက်မွေးဝမ်းကျောင်း ပြုသူများ-

(ကက) ကုမ္ပဏီများထူထောင်မှု၊ လုပ်ငန်းလည်ပတ်မှု သို့မဟုတ် စီမံခန့်ခွဲမှုများအတွက် အထောက်အကူပြု ဆောင်ရွက်ချက်များကို စုရုံး စီစဉ် ခြင်း၊

(ခခ) တရားဝင်အသင်းအဖွဲ့များ သို့မဟုတ် အစီအစဉ်များ ထူထောင်ခြင်း၊ လုပ်ငန်းလည်ပတ်ခြင်း၊ စီမံခန့်ခွဲခြင်း၊ စီးပွားရေးလုပ်ငန်းများကို ဝယ်ယူခြင်းနှင့် ရောင်းချခြင်း။

**လိုက်နာရန် တာဝန်ရှိသူများ**

၄။ မြန်မာနိုင်ငံတွင် ဖွဲ့စည်းတည်ထောင်မှတ်ပုံတင်ထားသော ကုမ္ပဏီများနှင့် စီးပွားရေးဆိုင်ရာ အဖွဲ့အစည်းများအနေဖြင့် ဤညွှန်ကြားချက်ကို လိုက်နာရန် တာဝန်ရှိပါသည်။

**ထုတ်ဖော်တင်ပြရမည့် အချက်အလက်များ**

၅။ ကုမ္ပဏီများနှင့် စီးပွားရေးဆိုင်ရာ အဖွဲ့အစည်းများအနေဖြင့် အကျိုးအမြတ် ရရှိပိုင်ဆိုင်သူဆိုင်ရာ သတင်းအချက်အလက်များကို ရင်းနှီးမြှုပ်နှံမှုနှင့် ကုမ္ပဏီများညွှန်ကြားမှု ဦးစီးဌာနသို့ တိကျမှန်ကန်စွာ စဉ်ဆက်မပြတ် တင်ပြရန်နှင့် ပြည်တွင်းအခွန်များ ဦးစီးဌာနသို့လည်း အဆိုပါ သတင်းအချက်အလက်များကို ပေးပို့သွားရမည် ဖြစ်ပါသည်။

၆။ ကုမ္ပဏီများနှင့် စီးပွားရေးဆိုင်ရာ အဖွဲ့အစည်းများအနေဖြင့် အကျိုးခံစားခွင့်ရှိသူ ပိုင်ရှင်ဆိုင်ရာ သတင်းအချက်အလက်များကို အပြည့်စုံဆုံးရရှိနိုင်စေရန်အတွက် အောက်ပါကိစ္စရပ်များတွင် ရင်းနှီးမြှုပ်နှံမှုနှင့် ကုမ္ပဏီများညွှန်ကြားမှု ဦးစီးဌာနနှင့် ပူးပေါင်းဆောင်ရွက်ရန် လိုအပ်ပါသည်-

(က) ကုမ္ပဏီမှ ခန့်အပ်ထားပြီး မြန်မာနိုင်ငံတွင်နေထိုင်သော လူပုဂ္ဂိုလ်(များ)၏ အခြေခံ သတင်းအချက်အလက်များနှင့် အကျိုးခံစားခွင့်ရှိသူ ပိုင်ရှင်ဆိုင်ရာ သတင်း အချက်အလက်များကို ရင်းနှီးမြှုပ်နှံမှုနှင့် ကုမ္ပဏီများညွှန်ကြားမှု ဦးစီးဌာနသို့ တင်ပြသွားရန်နှင့် လိုအပ်ပါက အခြားအာဏာပိုင်အဖွဲ့အစည်းများကိုလည်း ကူညီ ဆောင်ရွက်သွားရန်။

(ခ) ငွေရေးကြေးရေး မဟုတ်သော စီးပွားရေးလုပ်ငန်းများနှင့် ကျွမ်းကျင်မှုဆိုင်ရာ အသက်မွေးဝမ်းကျောင်းလုပ်ငန်းများဆောင်ရွက်စေရန် ကုမ္ပဏီမှ ခန့်အပ်ထားသော ဝန်ထမ်းများ၏ အခြေခံသတင်းအချက်အလက်များနှင့် အကျိုးခံစားခွင့်ရှိသူ ပိုင်ရှင်ဆိုင်ရာ သတင်းအချက်အလက်များကို ရင်းနှီးမြှုပ်နှံမှုနှင့် ကုမ္ပဏီများ ညွှန်ကြားမှု ဦးစီးဌာနသို့ တင်ပြသွားရန်နှင့် လိုအပ်ပါက အခြားအာဏာပိုင်အဖွဲ့အစည်းများကိုလည်း ကူညီဆောင်ရွက်သွားရန်။

၇။ ကုမ္ပဏီများနှင့် စီးပွားရေးဆိုင်ရာ အဖွဲ့အစည်းများအနေဖြင့် ရင်းနှီးမြှုပ်နှံမှုနှင့် ကုမ္ပဏီများ ညွှန်ကြားမှုဦးစီးဌာန၏ ဝက်ဘ်ဆိုက်တွင် အွန်လိုင်းပုံစံဖြင့် အကျိုးခံစားခွင့်ရှိသူ ပိုင်ရှင်ဆိုင်ရာ သတင်းအချက်အလက်များကို ထုတ်ဖော်တင်ပြရမည် ဖြစ်ပါသည်။

**သတင်းအချက်အလက်များ ထိန်းသိမ်းခြင်း**

၈။ လက်ရှိဆောင်ရွက်နေသော ကုမ္ပဏီများနှင့် စီးပွားရေးဆိုင်ရာ အဖွဲ့အစည်းများအနေဖြင့် သတင်းအချက်အလက်များကို ထိန်းသိမ်းထားရန်၊ ဖျက်သိမ်းပြီး (သို့မဟုတ်) ဖျက်သိမ်းမည့် ကုမ္ပဏီများနှင့် စီးပွားရေးဆိုင်ရာ အဖွဲ့အစည်းများအနေဖြင့် ကိုးကားနိုင်ရန်အလို့ငှာ အကျိုးခံစား ခွင့်ရှိသူပိုင်ရှင်ဆိုင်ရာ သတင်းအချက်အလက်များကို ဖျက်သိမ်းပြီးနောက် အနည်းဆုံး ၅ နှစ် ထိန်းသိမ်းထားရန်နှင့် ဘဏ္ဍာရေးဆိုင်ရာ လုပ်ငန်းများနှင့် အကြံပေးလုပ်ငန်း ကဲ့သို့သော ကိုယ်စား ဆောင်ရွက်သည့် လုပ်ငန်းများဖြစ်ပါက လုပ်ငန်းအပ်နှံသူများ၏ အချက်အလက်များကို အဆိုပါ လုပ်ငန်းပြီးစီးပြီးနောက် ၅ နှစ် ထိန်းသိမ်းထားရှိရန် လိုအပ်ပါသည်။

**အကျိုးခံစားခွင့်ရှိသူ ပိုင်ရှင်ဆိုင်ရာ သတင်းအချက်အလက်များကို အကာအကွယ်ပေးခြင်း**

၉။ မည်သူမဆို ရင်းနှီးမြှုပ်နှံမှုနှင့် ကုမ္ပဏီများ ညွှန်ကြားမှုဦးစီးဌာနတွင် အကျိုးခံစားခွင့်ရှိသူ ပိုင်ရှင်ဆိုင်ရာ သတင်းအချက်အလက်များ ထုတ်ဖော်တင်ပြခြင်းကြောင့် အကြမ်းဖက်မှု၊ ခြိမ်းခြောက်မှုအန္တရာယ်ရှိပါက ၎င်းတို့၏ သတင်းအချက်အလက်များကို ထုတ်ဖော်ခြင်းမပြုရန် ရင်းနှီး မြှုပ်နှံမှုနှင့် ကုမ္ပဏီများ ညွှန်ကြားမှုဦးစီးဌာနသို့ တင်ပြလျှောက်ထားနိုင်ပါသည်။ အခြေခံသတင်း အချက်များကို အများပြည်သူသို့ ထုတ်ဖော်သွားမည်ဖြစ်သော်လည်း အကျိုးခံစားခွင့်ရှိသူ ပိုင်ရှင်ဆိုင်ရာ သတင်းအချက်အလက်များကိုမူ အာဏာပိုင်အဖွဲ့အစည်းများမှ လိုအပ်ပါက ထုတ် ဖော်ပေးသွားမည် ဖြစ်ပါသည်။

**ညွှန်ကြားချက်ကို လိုက်နာရန် ပျက်ကွက်ခြင်း**

၁၀။ ကုမ္ပဏီများနှင့် စီးပွားရေးဆိုင်ရာ အဖွဲ့အစည်းများအနေဖြင့် တိကျမှန်ကန်သည့် သတင်းအချက်အလက်များ တင်ပြရန် ပျက်ကွက်ခြင်းနှင့် ဤညွှန်ကြားချက်နှင့် ထပ်မံထုတ်ပြန်မည့် စည်းမျဉ်းများနှင့် ညွှန်ကြားချက်များကို လိုက်နာရန် ပျက်ကွက်ပါက ငွေကြေးခဝါချမှု တိုက်ဖျက် ရေး ဥပဒေ၊ အခန်း(၁၁)ပါ ပြစ်ဒဏ်များကို ကျခံရမည် ဖြစ်ပါသည်။

**စတင်အာဏာတည်ခြင်း**

၁၁။ ဤညွှန်ကြားချက်သည် ၂၀၂၀ ခုနှစ်၊ ဇန်နဝါရီလ ၁ ရက်နေ့တွင် စတင်အာဏာ တည်စေရမည်။

( သန့်စင်လွင် )

ညွှန်ကြားရေးမှူးချုပ်

စာအမှတ်၊ ၂၂ /၄၀/၀၄ ( ၈၆၉၀ /၂၀၁၉)

ရက်စွဲ၊ ၂၀၁၉ ခုနှစ်၊ နိုဝင်ဘာလ ၁၅ ရက်

**ဖြန့်ဝေခြင်း**

ပြည်ထောင်စုတရားလွှတ်တော်ချုပ်

ပြည်ထောင်စုရှေ့နေချုပ်ရုံး

ပြည်ထောင်စုစာရင်းစစ်ချုပ်ရုံး

မြန်မာနိုင်ငံတော်ဗဟိုဘဏ်

ပြည်ထဲရေးဝန်ကြီးဌာန

စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာန

ငွေကြေးဆိုင်ရာ စုံစမ်းထောက်လှမ်းရေးအဖွဲ့